**သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)**

**တပ်မတော် အာဏာသိမ်းပြီးနောက်ပိုင်း အခြေအနေများနှင့်ပတ်သက်၍ ထုတ်ပြန်ကြေညာချက်**

၂၀၂၁ခုနှစ်၊ ဖေဖော်ဝါရီလ (၂၂)ရက်

၁။ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)သည် ဖက်ဒရယ်နှင့် ဒီမိုကရေစီစနစ်အပေါ် ရပ်တည်သောကြောင့် ၂၀၂၁ခုနှစ်၊ ဖေဖော်ဝါရီလ (၁)ရက်နေ့တွင် တပ်မတော်က အာဏာသိမ်းယူပြီးသည့်နောက် အာဏာသိမ်းခြင်းကို ဆန့်ကျင်ကန့်ကွက်သည့် ထုတ်ပြန်ကြေညာချက်အား ချက်ချင်းထုတ်ပြန်ခဲ့သည်။

၂။ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးနှင့် အတူတကွ ရပ်တည်ကြောင်း၊ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ပြသည့်အတွက် အဖမ်းဆီးခံခြင်းမှ ရှောင်လွှဲလာသော ပြည်သူများကို RCSSအနေဖြင့် တတ်နိုင်သမျှ ကူညီစောင့်ရှောက်ကာကွယ်ပြီး ယင်းတို့၏ လုံခြုံရေးကို တာဝန်ယူပေးမည်ဖြစ်ကြောင်း သီးခြားထုတ်ပြန်ထားပြီး ဖြစ်သည်။

၃။ တပ်မတော်အာဏာသိမ်းပြီးသည့်နောက် ၂၀၂၁ခုနှစ်၊ ဖေဖော်ဝါရီလ (၁-၂၀) ရက်အတွင်း တပ်မတော်မှ RCSSအား ထိုးစစ်ဆင်သဖြင့် တိုက်ပွဲများအကြိမ်ကြိမ်ဖြစ်ပွားခဲ့သည်။ တိုက်ပွဲများကြောင့် နှစ်ဦးနှစ်ဖက်တွင် ထိခိုက်သေကြေဒဏ်ရာရမှုများ ရှိသကဲ့သို့ ဒေသခံ ကျေးလက်လူထုများကိုလည်း သေဆုံးခြင်း၊ ဒဏ်ရာရစေခြင်း၊ နေရပ်စွန့်ခွာခြင်း အပါအဝင် ဝန်ထုပ်ဝန်ပိုးများ ဖြစ်စေခဲ့သည်။

၄။ အာဏာသိမ်းခြင်းကြောင့် တိုင်းပြည် အပူမီးတောက်နေချိန်၊ ပြည်သူလူထုက လုံခြုံမှုကို တောင့်တနေချိန်တွင် ပြည်သူလူထုအား စည်းလုံးညီညွတ်စွာ စုပေါင်းစောင့်ရှောက်ကာကွယ်ရမယ့်အစား ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP/SSA) နှင့် တအာင်းလွတ်မြောက်ရေးတပ်မတော် (TNLA) တို့က ပူးပေါင်းအင်အား အလုံးအရင်းဖြင့် မိမိတို့ RCSS/SSA တပ်စခန်းများအား တိုက်ခိုက်ပြီး ဒေသခံပြည်သူများကို စစ်ဘေးဒဏ် သင့်စေခဲ့ခြင်းအတွက် RCSS မှ လွန်စွာ ဝမ်းနည်းမိသည်။

၅။ လူထုကိုကာကွယ်ရင်း တိုက်ပွဲများတွင် ကျဆုံးသွားလေသော တပ်ဖွဲ့ဝင်များအား ဂုဏ်ပြု သမိုင်းဝင်မော်ကွန်းတင်ပြီး တိုက်ပွဲကြောင့် သေကြေဒဏ်ရာရရှိခဲ့ကြသည့် ပြည်သူများ၊ အိုးအိမ်စွန့်ခွာခဲ့ကြရသည့် ပြည်သူများအတွက် စာနာထောက်ထားပြီး တတ်နိုင်သမျှ ကူညီပံ့ပိုးပေးသွားမည်။

၆။ တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသော ဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေးနှင့် ဒီမိုကရေစီ အပြည့်အဝ ရရှိရေးအတွက် RCSSသည် ပြည်သူလူထုတို့နှင့် အတူတကွ လက်တွဲပူးပေါင်း ကြိုးပမ်းဆောင်ရွက်သွားမည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ<br>
သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ

ဆက်သွယ်ရန်

၁။ ဗိုလ်မှူး ခမ်းစံ +၆၆ ၈၀၈ ၇၉၄ ၀၅၃